# သမားရိုးကျမဟုတ်သောဘာသာပြန်မှု
# ထိုင်းနိုင်ငံအတွင်းရှိမြန်မာနိုင်ငံမှနေရပ်စွန့်ခွာထွက်ပြေးလာသူများ

မကြာသေးမီအချိန်ကထိုင်းနိုင်ငံအတွင်းရှိမြန်မာနိုင်ငံမှနေရပ်စွန့်ခွာထွက်ပြေးလာသူများနှင့်ပက်သက်၍အလွန်အမင်းစိတ်ဝင်စားမှုများရှိခဲ့ကြပြီးသတင်းများပျံ့နှံ့နေသည်။၎င်းအကြောင်းအရာများနှင့်ပက်သက်၍အောက်ပါအချက်အလက်များတွင်ရှင်းလင်းထားဖေါ် ပြထားသည်။

၁။ထိုင်းနိုင်ငံသည်လူသားချင်းစာနာထောက်ထားမှုကိုအခြေခံသောအားဖြင့်မြန်မာနိုင်ငံမှနေရပ်စွန့်ခွာထွက်ပြေးလာသောသူတစ်သိန်းသုံးသောင်းခန့်အတွက်ကျွန်ုပ်တို့၏ယာယီခိုလှုံရန်စခန်း(၉)ခုတွင်ဆယ်စုနှစ်သုံးစုစာလက်ခံထားခဲ့သည်။

၂။ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံတို့၏အဆင့်မြင့်ရာထူးကြီးအရာရှိများအတွင်းပြီးခဲ့သောဆွေးနွေးမှုများတွင်ပြန်လည်အခြေချရန်ဖြစ်နိုင်ခြေရှိသည့်၎င်းနေရပ်စွန့်ခွာထွက်ပြေးသူများအတွက်နယ်စပ်နှစ်ဘက်စလုံးမှကြိုတင်ပြင်ဆင်ခြင်းအခြေအနေအကြောင်းအရာကိစ္စများအပေါ် နှစ်ဘက်စလုံးသဘောထားများကိုအပြန်အလှန်အမြဲတစေဆွေးနွေးခဲ့ကြသည်။

၃။မကြာသေးမီကလာရောက်လည်ပတ်ခဲ့သောမြန်မာနိုင်ငံကာကွယ်ရေးစစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ခရီးစဉ်အတွင်းတွင်အမျိုးသားငြိမ်းချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကော်မတီ(NCPO)ခေါင်းဆောင်ဖြစ်သူဗိုလ်ချုပ်ကြီးပရာယွတ်ကျန်းအိုးချားနှင့်နှစ်ပွင့်ဆိုင်အစည်းအဝေးကျင်းပခဲ့သည်။နှစ်ဘက်စလုံးမှတခြားအကြောင်းအရာများဆွေးနွေးသည့်အကြားမှဤသီးသန့်အကြောင်းကိစ္စအပေါ် ယေဘုယျအားဖြင့်အပြန်အလှန်ဆွေးနွေးခဲ့ကြပြီးမြန်မာဘက်မှလူသားချင်းစာနာထောက်ထားမှုနှင့်လူ့အခွင့်အရေးအခြေခံသဘောတရားများအရအနာဂတ်တွင်လုံခြုံဘေးကင်းစွာဖြင့်နေရပ်ရင်းသို့ပြန်လည်အခြေချနိုင်ရေးအတွက်ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရာတွင်ထိုင်းနိုင်ငံနှင့်အတူအနီးကပ်လုပ်ဆောင်ရန်မြန်မာဘက်မှကတိပြုခဲ့သည်။**ဆွေးနွေးမှုများထဲတွင်သီးသန့်အချိန်သတ်မှတ်ထားခြင်းမရှိပဲအကြမ်းဖျင်းဆွေးနွေးခဲ့ကြသည်။**

၄။ဘေးကင်းလုံခြုံမှုနှင့်ဂုဏ်သိက္ခာရှိမှုအခြေအနေထဲတွင်ဤနေရပ်စွန့်ခွာထွက်ပြေးလာသူများ၏အတည်တကျပြန်လည်အခြေချခြင်းဆိုင်ရာကြိုတင်ပြင်ဆင်ခြင်းများသည်အလွန်ပင်အရေးပါသည်။ဤသို့ကြိုတင်ပြင်ဆင်ရာတွင်လုပ်ငန်းစဉ်များအောင်မြင်မှုရရှိနိုင်ရန်အတွက်သေချာစေရန် UNHCR အပါအဝင်သက်ဆိုင်ရာလုပ်ဖော်ကိုင်ဖက်များနှင့်နိုင်ငံတကာအဖွဲ့အစည်းများအားလုံးနှင့်အတူဆက်လက်ဆွေးနွေးမှုများပိုမိုလုပ်ဆောင်ရန်လိုအပ်သည်။

****************************